**ကုလသမဂ္ဂ**
**သတင်းထုတ်ပြန်ချက်**

*ချက်ချင်းထုတ်ပြန်ရန်*

**မြန်မာနိုင်ငံတွင်ကျင်းပတော့မည့် ရွေးကောက်ပွဲအပေါ် Prevention of Genocide ဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးအရာရှိ Adama Dieng နှင့် Responsibility to Protect ဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူးအကြံပေးအရာရှိ Jennifer Welshတို့၏ သတင်းထုတ်ပြန်ချက်**

လာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပတော့မည့် ရွေးကောက်ပွဲကို ငြိမ်းချမ်းသော အခြေအနေဖြင့် ကျင်းပနိုင်ရန် အစွမ်းကုန်ဆောင်ရွက်ပါရန် Prevention of Genocide ဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးအရာရှိ Adama Dieng နှင့် Responsibility to Protect ဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးအရာရှိ Jennifer Welshတို့က မြန်မာနိုင်ငံအစိုးရအား ပန်ကြားလိုက်သည်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုတွင် မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၄ ကို ချိုးဖောက်သည့် နိုင်ငံရေးအရ လူမျိုးရေးနှင့် ဘာသာရေး အသုံးချ မဲဆွယ်မှု ရှိနေခြင်းကို ၎င်းတို့က စိုးရိမ်မကင်းရှိကြောင်း ပြောဆိုကြသည်။ မြန်မာနိုင်ငံကဲ့သို့ မတူကွဲပြားမှု များပြားသောနိုင်ငံတွင် ဘာသာတစ်ခု သို့မဟုတ် လူမျိုးတစ်မျိုးကိုသာ အကာအကွယ်ပေးသည့် နိုင်ငံရေးလုပ်ငန်းစဉ်ကို မြှင့်တင်ပေးခြင်းသည် အန္တရာယ်များကြောင်း ၎င်းတို့က ပြောကြားသည်။ ဘာသာရေးအဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များနှင့် နိုင်ငံရေးပါတီဝင်များက မူဆလင် လူနည်းစုများအပေါ် ဘာသာရေး မုန်းတီးမှု တိုးပွားစေရန် ဆောင်ရွက်နေခြင်းကို ၎င်းတို့က သတိပေးလိုက်ပြီး၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် အပြည်ပြည်ဆိုင်ရာ တရားဥပဒေအရ တားမြစ်ထားသည့် အကြမ်းဖက်မှုလှုံ့ဆော်ရေး သက်ရောက်စေသည်ဟု ဆိုပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းအတွက် ရွေးကောက်ပွဲသည် အရေးပါကြောင်း အသိအမှတ်ပြုလင့်ကစား အထူးအကြံပေးအရာရှိများက ထိုရွေးကောက်ပွဲလုပ်ငန်းစဉ်သည် အထူးသဖြင့် မူဆလင်ရိုဟင်ဂျာကဲ့သို့ ဘာသာရေး လူနည်းစုများကို ဘေးရောက်စေ၍ စိုးရိမ်မကင်းဖြစ်ရကြောင်း ပြောကြားခဲ့သည်။ ပြီးခဲ့သည့်လများတွင် ရိုဟင်ဂျာများအား မဲပေးခွင့် ရုပ်သိမ်းလိုက်ခြင်း၊ လွတ်လပ်စွာ ဆက်ဆံခွင့် ကန့်သတ်ခြင်းဖြင့် နိုင်ငံရေးပါတီများ ဖွဲ့စည်းခြင်းနှင့် ပါဝင်ခြင်းတို့ကို ဟန့်တားစေခဲ့ပြီး၊ ၎င်းတို့၏ကိုယ်စားလှယ်များသည်လည်း လွှတ်တော်အမတ်နေရာများအတွက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းကို ပိတ်ပင်စေခဲ့သည်။ လူဦးရေ တစိတ်တဒေသ၏ အသံကို တိတ်ဆိတ်စေခြင်းသည် မည်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်မဆို၏ သမာသမတ်ကျမှုကို မေးခွန်းထုတ်စေပါသည်။

မူဆလင်ရိုဟင်ဂျာများကို တရားဥပဒေအရ၊ မူဝါဒအရနှင့် လက်တွေ့အရ အဖွဲ့အစည်း အသင်းအပင်းအလိုက် ခွဲခြားဆက်ဆံခြင်းမှာ ဆယ်စုနှစ်ပေါင်းများစွာရှိခဲ့ကြောင်း ၎င်းတို့က လေးနက်စွာ ပြောဆိုခဲ့သည်။ မကြာခင်က အမျိုးဘာသာ စောင့်ရှောက်ရေးဥပဒေ လေးရပ် ချမှတ်လိုက်ခြင်းသည် မြန်မာနိုင်ငံ၌ အထူးသဖြင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုအခွင့်အရေးနှင့် အမျိုးသမီးများအခွင့်အရေးကဲ့သို့ အခြေခံအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရာတွင် ထင်ရှားသည့် ခြေလှမ်း နောက်ပြန်လှမ်းခြင်းဖြစ်ကြောင်း အထူးအကြံပေးအရာရှိများက သတ်မှတ်လိုက်သည်။ ၎င်းတို့၏ အဆိုအရ ဤဥပဒေများသည် ဘာသာရေးလူနည်းစုများကို ခွဲခြားဆက်ဆံစေသည့်အပြင် မြင့်တက်လာနေသော

ဗုဒ္ဓဘာသာ အစွန်းရောက် အမျိုးသားရေးဝါဒီများကို ပိုမိုခိုင်မာစေပြီး၊ ၎င်းဝါဒီများက မူဆလင်များအပေါ် တိုက်ခိုက်မှု တိုးမြှင့်လာရန် အခွင့်ကောင်း ယူလာနိုင်မည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံသစ်တွင် ၎င်းအပြုအမူများမှာ လက်ခံနိုင်ဖွယ် မရှိကြောင်း ၎င်းတို့က ပြောပါသည်။

"ကျွန်ုပ်တို့မှာ တောင်းဆိုချက် သုံးခုရှိသည်" ဟု အထူးအကြံပေးအရာရှိများက အဆုံးသတ် ပြောခဲ့သည်။ ပထမှာ လက်ရှိ မြန်မာနိုင်ငံအစိုးရသည် ရွေးကောက်ပွဲကို လွတ်လပ်သော၊ အပြန်အလှန် လေးစားမှုရှိသော၊ ငြိမ်းချမ်းမှုရှိသော အခြေအနေများ အာမခံပေးနိုင်ရန် အစွမ်းကုန် ဆောင်ရွက်ရမည်။ ထိုကဲ့သို့ဖြစ်လာနိုင်ရန် အစိုးရအား လူထုကို ခွဲခြား ဆက်ဆံစေရန်၊ ရန်လိုစေရန်နှင့် အကြမ်းဖက်စေရန် လှုံ့ဆော်သည့် မည်သည့်စကားကိုမဆို အများပြည်သူရှေ့ ရှုံ့ချရန် နှင့် ကျူးလွန်သူများအား အရေးယူပေးရန် တိုက်တွန်းပါသည်။ ဒုတိယတောင်းဆိုချက်မှာ မြန်မာနိုင်ငံသည် သည်းခံမှုနှင့် ငြိမ်းချမ်းမှု ထွန်းကားသည့် စွမ်းပကားရှိကြောင်း ဤရွေးကောက်ပွဲဖြင့် ပေါ်လွင်စေရန် ဖြစ်သည်။ တတိယ တောင်းဆို ချက်မှာ မြန်မာနိုင်ငံအစိုးရသစ်ဖွဲ့မည့် ခေါင်းဆောင်များကို ရည်ညွှန်းပါသည်။ အသင်တို့သည် ဒီမိုကရေစီ၊ တရား ဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေးဖော်ဆောင်ရန် ကတိကဝတ်ပြုစေလိုပါသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ရခိုင် ပြည်နယ်ရှိ လူ့အဖွဲ့အစည်းအချင်းချင်း တင်းမာမှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လူ့အဖွဲ့အစည်းအားလုံး၏ စိုးရိမ် ကြောင့်ကြမှုများနှင့် လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းသည့် ရေရှည်တည်တံ့ခိုင်မြဲသည့် နည်းလမ်းများ ရှာကြံ ဖော်ဆောင်ရန် လိုပါသည်။ ထိုကဲ့သို့ မဆောင်ရွက်နိုင်ပါက အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားနိုင်ပြီး၊ ပိုမို ဆိုးရွားသော ပြစ်မှုများ ကျူးလွန်လာခြင်းများ ဖြစ်ပွားနိုင်ဖွယ်ရှိသည်။ ရိုဟင်ဂျာအပါအဝင် ဘာသာရေး လူနည်းစုများသည် မြန်မာနိုင်ငံ၏ အစိတ်အပိုင်း ဖြစ်သည်။ အားလုံးပါဝင်ပြီး၊ သည်းခံတရားရှိသည့် လူမှုအဖွဲ့အစည်း တည်ဆောက် ခြင်းသည် ဒီမိုကရေစီနှင့် နိုင်ငံ၏ ရေရှည်ငြိမ်းချမ်းရေးအတွက် မရှိမဖြစ် လိုအပ်ချက် ဖြစ်သည်။

* *** *

မီဒီယာမေးမြန်းချက်များအတွက် ဆက်သွယ်ရန် -

Claudia Diaz
Office on Genocide Prevention and the Responsibility to Protect
http://www.un.org/en/preventgenocide/adviser/
Phone: +1 212-963-35-74; Email: diazc@un.org